# ကျွန်တော်ပိုင်တဲ့ ပန်းတစ်ခိုင်

သက် ထက် စိုး မိုး

(MLM)



(စိတ်ကူးယဥ်ဝတ္ထုတစ်ပုဒ်သာဖြစ်ပါသည် )

# ကျွန်တော်ပိုင်တဲ့ ပန်းတစ်ခိုင်-1

"ဇမ္ဗူဒိပ်... ဇမ္ဗူဒိပ်... မင်းထွက်လာခဲ့စမ်း"

ဦးသူရိန် တစ်ယောက် ဒေါသတကြီးနှင့် အော်သံက မနက်ခင်းကို အကျည်းတန် စေသည် ပါ။ ဘုရားခန်းထဲ ဘုရားဝတ်ပြုနေသော ဒေါ်သမုဒယ တစ်ယောက်လည်း မောင်ဖြစ်သူရဲ့ အသံကြောင့် ဘုရားကို ဦးသုံးကြိမ်ချပြီး ဘုရားခန်းထဲက ထွက်လာ ခဲ့လိုက်သည် ။ ထို့နောက် ဧည့်ခန်းထဲကို လျှောက်လာ ခဲ့လိုက်သည် ။

"ဟဲ့... သူရိန် ဘာဖြစ်ပြန်တာတုန်း... စောစောစီးစီးဟယ်"

"မမကြီး... ဒီတစ်ခါတော့ ကျွန်တော့်ကို မတားနဲ့ တော့... မမကြီးတို့ ရဲ့ ချစ်လှစွာသော တူအလိမ္မာ တုန်းကြီးကိုသာ ခေါ်ပေးပါ"

"ဟဲ့... ငါ့မြေးလေးက ဘာဖြစ်လို့ လဲ... ပင်ပန်းထားတဲ့ ကလေးကို"

ဒေါ်သမုဒယပင် မပြောရသေး။ ဒေါ်သမုဒယတို့ ရဲ့ မိခင်ကြီး ဒေါ်ခင်သန်းကို သမီးငယ် ဒေါ်သစ္စာပန်းက တွဲကာ ခေါ်လာလိုက်သည် ။

"မေမေ... မေမေ ထိပ်ဆုံးကပဲ... ဒီကောင် ဒီလောက် ဆိုးနေတာ မေမေတို့ ရှေ့က ကာဆီးကာဆီး လုပ်နေလို့ "

"ဟော့... ဒီမှာ သူရိန်... ငါ့မြေးက ဘာဖြစ်နေလို့ လဲဟမ်"

"ပြောမယ်... ပြောမယ်... သစ္စာ... ညည်းတူကို သွားခေါ်... အတိတ်မေ့သလိုလို ဥစ္စာပျောက်သလိုလို မျက်နှာပေးနဲ့ လုပ်မနေနဲ့ ... သွားခေါ် "

"ဟာ... ကိုကြီးကလည်း ... ကလေးအိပ်ပါစေ...
ကလေးကို မနက်အစောကြီး နှိုးပြီး ဘာလုပ်ဦးမလို့ လဲ"

ဒေါ်သစ္စာပြောပြီး ဒေါ်သမုဒယကို ကြည့်ကာ မျက်နှာရိပ်ပြလိုက်သည် ။ ဒေါ်သမုဒယကလည်း အကင်းပါးသည် ။ ချက်ချင်း မသိမသာ ခေါင်းညိတ်ပြရင်း

"ပြော... ငါတို့ တူလေးက ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမှာ လဲ... မမကြီးတို့ တူအလိမ္မာ တုန်းကြီးက မနေ့က ကောင်မလေး တစ်ယောက်နဲ့ အတူတူ ကလပ်သွားတယ်... ပြီးတော့ အဲဒီ ကောင်မလေးကြောင့်နဲ့ ရန်ဖြစ်တယ်။ ဒီနေ့ ဟိုဘက်က ခံလိုက်ရတဲ့ ကောင်လေးတွေဘက် ကျွန်တော့်ကို လျော်ကြေး တောင်းနေတယ်... ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ...ထစ်ခနဲရှိ ဘယ်သူလဲ မမေးလိုက်နဲ့ ဇမ္ဗူဒိပ်ပဲ... ရိုက်လိုက်ပြန်ပြီ... ချလိုက်ပြန်ပြီနဲ့ ... အဲဒါ မေမေတို့ မမကြီးတို့ အလိုလိုက်လွန်း အားကြီးလို့ လေ"

"ဟဲ့... သေူရိန်... ယောကျာ်းလေး သွားတာ ဘာဖြစ်လဲ... ငါ့မြေးက အရွယ်ရောက်ပြီးသား... အသက်ကြီးမှ ရှုပိုးထိုးနေတာ မဟုတ်ဘူး ... ငယ်တုန်းရွယ်တုန်းလေး သွားတာ ဘာဖြစ်သလဲ၊ ပြီးတော့... လူငယ်ချင်း ရန်ဖြစ်တာ ဘာဖြစ်သလဲ... နောက်ပြီး ရည်းစားထားတာ ဘာဖြစ်လဲဟင်..."

မွေးသမိခင်ကအစ မြေးဖြစ်သူဘက်မှာ ခံစစ်လို ကာကွယ်နေ၍ ဒီအိမ်မှာ ဦးသူရိန်စကားက တိုးမပေါက်ပါ။

"မေမေ... အဲဒီလို ပြောလို့ မရဘူးလေ... ဇမ္ဗူဒိပ်က မကြာခင်မှာ ..."

"တော်တော့... ငါသိတယ်... မင်းရဲ့ ဓာတ်ရှင် ဟောင်းကြီးကို ဖွင့်ဦးမှာ မလား...

ကျွန်တော် မရှိတော့ရင် ဇဇက ကျွန်တော့် ကုမ္ပဏီကို ဆက်ခံရမယ်... ဒါပဲ လာမှာ မဟုတ်လား... နေစမ်းပါဦး... ကုမ္ပဏီကို ဆက်ခံရမယ့်လူက အိမ်ထဲက အိမ်ပြင် မထွက်ရဘူးတဲ့ လား... ဟမ်... မင်းတို့ အရွယ်ရောက်မှ ကာရာအိုကေ ဆိုင်သွားပြီး ပန်းကုံးစွပ်ရမှာ လား"

ဘွားဘွားစကားကို အိပ်ယာထဲကနေ သူအတိုင်းသား ကြားနေရသည် ပင်။ ဒယ်ဒီ့အသံ ကြားကတည်းက အိပ်ရာက နိုးနေသည် ပါ။ သို့သော် မထသေးဘဲ ဧည့်ခန်းက ရေဒီယိုအသံတွေကို သူနားထောင်နေသည် ပါ။
အဒေါ်နှစ်ယောက်နဲ့ ဘွားဘွားက သူ့ဘက်က ပါနေတော့ ဒယ်ဒီ့ကို ရှိတယ်လို့ မထင်သည် က ငယ်စဉ်ကတည်းကပါ။
သူမသွားမချင်း ထိုအသံတွေက ငြိမ်ကျမှာ မဟုတ်၍ သူအိပ်ရာက ထကာ အခန်းထဲက ထွက်လာ ခဲ့လိုက်သည် ။

"ဝါး..."

ပါးစပ်က သံရှည်ဆွဲရင်း လက်နှစ်ဖက်ကို အပျင်းဆန့်ကာ ဧည့်ခန်းထဲ ဝင်လာခဲ့လိုက်သည် ။

"ဟာ... လူစုံလှချည်လား... ဘွား"

ယောကျာ်းလေးတန်မဲ့ ဒေါ်ခင်သန်းဘေးတွင် ဝင်ထိုင်ရင်း ဒေါ်ခင်သ

န်းရဲ့ ရင်ခွင်ထဲ တိုးဝင်လိုက်သည် ။

"အမလေး… ဘွားမြေးလေး နိုးသွားပြီ… သားလေး… ဘွားကို ကြည့်ပါဦး"

"ဇဇက အိပ်နေတုန်း ရှိသေးတယ်… ဒယ်ဒယ့် အသံကြောင့် အိပ်ရာ ကနေလန့်ပြီး နိုးသွားတာ"

"ဇမ္ဗူဒိပ်"

"ခင်ဗျာ… ဒယ်ဒယ်"

အဘွားအားကိုး၊ အဒေါ်နှစ်ယောက် အားကိုးနဲ့ ဖအေဖြစ်သူကိုပင် မ ကြောက်သော မျက်နှာထားနှင့် ဇမ္ဗူဒိပ်ကို ဆွဲထိုးချင်စိတ်ကို ဦးသူရိန် ချိုးနှိမ် ထားရသည် ပါ။

"ဒယ်ဒယ်… ဘာပြောမလို့ လဲ ဒယ်ဒယ်… ဒယ်ဒယ် ပြောစရာ မရှိရင် ဇဇကို ခွင့်ပြုပါဦး ဒယ်ဒယ်"

"ဟော့ကောင်"

"ဘာ… ဘယ်လိုခေါ်တယ်၊ ပြန်ခေါ်စမ်း ဟော့ကောင် ဟုတ်လား"
တူထိဓားကြည့် အမျိုးထဲက အဒေါ်အပျိုကြီး ဒေါ်သမုဒယက တမှောင့်။

"ဒီမှာ … ကိုကြီး… ဇဇလေးကို နောက်တစ်ခါ ဟော့ကောင်လို့ မခေါ် ပါနဲ့ … ဇဇမှာ နာမည်ရှိတယ်… နာမည်ပဲ ခေါ်ပါ… သစ္စာ မကြိုက်ဘူး"

အဒေါ်ငယ်ကရော ဒေါ်ဒေါ်ကြီးကပါ ဇမ္ဗူဒိပ်အတွက် အသေခံ တပ် သားတွေမို့ ဦးသူရိန် ဘာမှ မပြောတော့ပါ။ နံရံမှာ ချိတ်ထားသော ချစ်ဇ နီး သော်တာကို ကြည့်ပြီး …

"သော်တာ… မင်းကတော့ ဝဋ်ကျွတ်သွားပြီ… ငါပဲ ဝဋ်ခံနေရတာ"

သူ့ဘာသာသူ အပြစ်တင်ပြီး ထွက်သွား လိုက်သည် ပါ။

"အဟက်ဟက်"

သွားတက်ကလေး ပေါ်အောင်ပင် ဇမ္ဗူဒိပ် ရယ်လိုက်သည် ။ ဇမ္ဗူဒိပ်ကို ဆုံးမမယ် လုပ်လိုက်တိုင်း ဒယ်ဒီ့ခမြာ တပ်ခေါက်ရတာ ချည်းပါ။

"ဇဇလေး"

"ဟုတ်... ဘွား"

"နောက်ဆို ကလပ်ဆိုတာကို သွားရင် အချိန်မီ ပြန်လာနော်... ကြားလား..."

"ဟုတ်ကဲ့ပါ ဘွားရဲ့ ... ဒီနေ့ ဘွားတို့ ဒေါ်ကြီးတို့ ဒေါ်ငယ်တို့ က ဇဇဘက်ကနေ ဝင်ပြောလို့ အရမ်းချစ်တာပဲ သိလား"

ဇမ္ဗူဒိပ်ပြောပြီး အဘွားရဲ့ ပါးရည်တွန့်နေပြီ ဖြစ်သော ပါးပြင်ကို နမ်းလိုက်သည် ။

"ကိုယ်တော်လေး... ပြန်ပြီး စက်တော် ခေါ်ဦးမှာ လား"

"ဟီး... မအိပ်တော့ဘူး ဒေါ်ဒေါ်ကြီး... အခု ကိုယ်တော် ပွဲတော်တည်တော့ မလားလို့ "

"မျက်နှာ မြန်မြန်သစ်ပြီး ထမင်းစားခန်းထဲ လာခဲ့"

အဒေါ်ငယ်က ပြောပြီး မိခင်ဖြစ်သူကို တွဲသွားလိုက်သည် ။ ဒေါ်ဒေါ်ကြီးကလည်း ထွက်သွားပြီမို့ ဇမ္ဗူဒိပ် တစ်ယောက်တည်း ဧည့်ခန်းထဲကျန်ရစ်ခဲ့သည် ။ ဘွဲ့ရပြီး ဖြစ်သော်လည်း အခုထိ ဒယ်ဒီ့ အလုပ်လည်း မကူ။ ဟိုယောင်ယောင် သည် ယောင်ယောင်နှင့် ယောင်စိန် လုပ်နေသည် ပါ။

ကျောထောက်နောက်ခံ ဖခင်ရှိသလို မျက်နှာတစ်ချက် အပျက်မခံသော အဒေါ်နှစ်ယောက်နှင့် အဘွား ရှိနေသရွေ့ ဇမ္ဗူဒိပ်ကတော့ လူပေါ်ကြော့ ။

"အားလုံး... ကြားကြားသမျှ ... အမျှ... အမျှ...အမျှ... ယူတော်မူကြပါ ကုန်လော့... သာဓု... သာဓု... သာဓု"

ကြေးစည်သံလေးက မနက်ခင်းကို ကြိုဆိုနေသည် ပါ။ အမျှဝေပြီး သည့်နောက် ဘုရားခန်းထဲက ပန်းတစ်ခိုင် ထွက်လာခဲ့လေသည် ။ ထမင်းစားခန်းအတွင်း ပြင်ဆင်စရာ ရှိသည် များကို ပြင်ဆင်ရပေဦး မည်။ ဖေဖေ့အတွက်၊ ကိုကြီး ကိုငယ်တို့ အတွက် သူမ ပြင်ဆင် ပေးသည် က သူမငယ်စဉ် ကတည်းကပါ။ မေမေ ဆုံးသွားကတည်းက ဒီဖအေ ဒီအစ်ကိုတွေရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့ရသော သူမအဖို့ ဖေဖေနဲ့ အစ်ကိုတွေက အရိပ်ကောင်းကြီးတွေပါ။ ပန်းတစ်ခိုင် ထမင်းစားခန်းထဲ ဝင်လာတော့ ဖေဖေတို့ မရောက်ကြသေး။ အိမ်အကူ ဒေါ်ရှင်နှင့် အကူ ကောင်မလေး နှင်းအေးတို့ သာ ရှိသေးသည် ။

"ခိုင်လေး...ဘုရားရှိခိုး ပြီးပြီးလား"

ဒေါ်ရှင့် အမေးကြောင့် ပန်းတစ်ခိုင် ခေါင်းညိတ် ပြလိုက်သည် ။

ထို့နောက် ဖေဖေတို့ အတွက် ပြင်ဆင်စရာ ရှိသည် ကို ပြင်ဆင်နေမိ သည် ။

မကြာပါ... ဖေဖေက အရင်ဆုံး ဝင်လာသည် ပါ။

"ဟာ... အစောကြီး နိုးနေတာလား ဖေ့သမီးက"

ဦးမြတ်ကျော်ပြောပြီး ခုံလေးတစ်လုံး ဆွဲကာ ထိုင်လိုင်သည် ။ ပန်း တစ်ခိုင်က ခေါင်းလေးညိတ်ပြရင်း ဦးမြတ်ကျော်အတွက် ရေနွေးကြမ်း

လေးကို ခွက်လှလှလေးထဲ ထည့်ပေး လိုက်သည် ။ မနက်ခင်းတိုင်း ကော်ဖီသောက်လေ့ မရှိသော ဖေဖေက အမြဲတမ်း ရေနွေးကြမ်း အဖန် ရည်ကျဲကျဲနှင့် မြန်မာမုန့် တစ်ခုခုကိုသာ အမြဲစားလေ့ ရှိပါ၏။ ဖေဖေက ရေနွေးကြမ်းလေး တစ်ငုံသောက်နေစဉ် ထမင်းစားခန်းထဲသို့ ကိုကြီးနှင့် ကိုငယ်တို့ က ရှေ့ဆင့် နောက်ဆင့် ဝင်လာကြသည် ။ ကိုကြီးနဲ့ ကိုငယ် က ခုံအသီးသီးတွင် ဝင်ထိုင်လိုက်တော့ ပန်းတစ်ခိုင်ကပဲ မနက်စာလေး တွေ လိုက်ချ ပေးနေသည် ပါ။ ကိုကြီးက အမြဲတမ်း ကော်ဖီနဲ့ ပေါင်မုန့် ယိုသုတ် စားလေ့ရှိပြီး ကိုငယ်က မုန့်ဟင်းခါး တို့လိုသာ စားလေ့ရှိသည် ။ ကိုကြီးနဲ့ ကိုငယ်တို့ ကို မနက်စာတွေ ချပေးပြီးမှ ကိုငယ့်ဘေးက ခုံ လေးတွင် ပန်းတစ်ခိုင် ဝင်ထိုင်လိုက်သည် ။ ပန်းတစ်ခိုင် အတွက်က ထ မင်းကြော်နှင့် ကော်ဖီဆို လုံလောက်နေသည် သာ။

"ဖေဖေ"

"ပြောလေ... သားကြီး"

"ဒီနေ့... ကျွန်တော် မိုးကုတ်ကို သွားရမယ် ဖေဖေ... ဟိုတစ်နေ့က ဝ ယ်ထားတဲ့ တွင်းက အောင်သွားလို့ "

ကိုကြီးစကားကြောင့် ဦးမြတ်ကျော်က ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြရင်း ...

"အင်း... သွားရင် ဘုရားလေးဘာလေး ရှိခိုးသွား... ပြီးတော့ အလုပ် သမားတွေကိုလည်း ဘောက်ဆူး ကောင်းကောင်း လေး ပေးလိုက် ကြား လားသား... ဒါဟာသူတို့ နဲ့ ဖေဖေတို့ ကံစပ်လို့ ရတာပဲ..."

"ဟုတ်ကဲ့ပါ... ဖေဖေ... ညီငယ်လည်း လိုက်ခဲ့မှာ ဆိုတော့ အဆင်ပြေမှာ ပါ"

"သားငယ်ပါ လိုက်သွားမလို့ လား"

"ဟုတ်ကဲ့ဖေဖေ... ကျွန်တော်လည်း ကိုကြီးကို ကူပေးချင်လို့ ပါ"

"ဒီလိုမျိုး ညီအစ်ကိုတွေ စည်းစည်းလုံးလုံးရှိလို့ ဖေဖေ ဝမ်းသာပါတယ်ကွယ်"

ဦးမြတ်ကျော်က ပြောပြီး ပြုံးရွှင်နေသည် ပါ။ ဇနီးဖြစ်သူက သမီးလေး ပန်းတစ်ခိုင် နှစ်နှစ်အရွယ်မှာ ဆုံးပါး သွားကတည်းက အိမ်စီးပွားရေးကိုသာ စိတ်နှစ်ပြီး ဒီသား ဒီသမီးတွေအတွက်သာ ဦးစား ပေးခဲ့သည် အထိ နောက်အိမ်ထောင် ဆိုတာကိုလည်း စိတ်မကူးခဲ့။ သားတွေသမီးတွေရဲ့ မျက်နှာကိုငဲ့ရင်း နေခဲ့သည် က ဒီအသက်အရွယ် အထိပါ။ အခုတော့ သားတွေကလည်း အားဖြစ်လာခဲ့ရသလို သမီးဖြစ်သူကလည်း ထီးလို အရိပ်ပေးတတ်ပြီ။ သို့သော်... ဦးမြတ်ကျော် စိတ်ထဲ အလိုမကျသေးသော အရာတစ်ခုက သားတွေအတွက် မဟုတ်၊ သမီးလေး ပန်းတစ်ခိုင်အတွက်။

သမီးလေးရဲ့ ဘေးမှာ သမီးလေးအတွက် အေးအတူပူအမျှ နေထိုင်နိုင်မည့် လူ၊ လက်တွဲဖော်ကိုပါ။ သားတွေကလည်း အချိန်တန်ရင် လက်တွဲဖော် ရှာကြမည့်သူတွေ ဖြစ်၍ သမီးလေး တစ်ယောက်တည်း ကျန်နေရစ်မည့် အဖြစ်မျိုးနှင့် ဦးမြတ်ကျော် ဘယ်လိုမှ မျက်စေ့စုံမှိ တ် နိုင်မည် မဟုတ်ပါ။

အပြစ်ကင်းလှသော သမီးလေးအတွက် လက်တွဲဖော်ကိုတော့ သူရှာပေးရမည်ပင်။

***

"ဒါက ဘယ်လဲ"

ညော့ခန်းတွင် ထိုင်ကာမေးသော ဒယ်ဒီ့အသံကြောင့် ဇမ္ဗူဒိပ် မျက်နှာ

ချောချောက ရှုံ့တွလျက်။

"လာစမ်း…ဒီကို"

ဒယ်ဒီ့စကားကြောင့် စစ်ကူခေါ်ဖို့ မျက်လုံးအစုံက ဝေ့သွားတော့ ဦးသူရိန် မျက်မှောင်ကြုတ်ရင်း …

"ဘယ်သူ့မှ စစ်ကူခေါ်ဖို့ စဉ်းစားမနေနဲ့ … မင်းဘွားအေနဲ့ မင့်အဒေါ်တွေ ဒီနေ့ပဲ တရားစခန်းဝင်သွားတယ်"

ဒယ်ဒီ့စကားကြောင့် ဆိုဖာရှည်ပေါ် စိတ်မောလူမောစွာဖြင့် ပစ်ထိုင်ချလိုက်သည် ။ ကုတ်ထောက်ဆံပင် ပျော့နွဲ့နွဲ့တွေက ဝဲခနဲ။

"ဇမ္ဗူဒိပ်… အဲဒီဆံပင်တွေ ညှပ်ပစ်စမ်း… ယောကျာ်းဖြစ်ပြီး ဆံပင်ရှည်နဲ့ … နားကပ်တစ်ဖက်နဲ့ … မင်းကိုယ်မင်း ဘာထင်နေလဲ ဟမ်"

"ဒယ်ဒယ်ကလည်း … ဒီဆံပင်ကိုပဲ အပြစ်တင်နေတာပဲ… ဘာဖြစ်လို့ လဲ… သူ့ဘာသာသူ ဇဇခေါင်းမှာ ပေါက်နေတဲ့ ဆံပင်ကို"

"ကြည့်မရလို့ ပေါ့ကွ…နေစမ်းပါဦး မင်းကို ဘယ်သူက မြှောက်လိုက်လို့ ဒီဆံပင်ကို အရှည်ထားရတာလဲ"

"အဟဲ… ဘယ်သူ ရှိရမလဲ… အကြွင်နာပေ့ါ "

"အကြွင်နာ… အကြွင်နာဆိုတာ… ဟိုတစ်ခေါက်တုန်းက…"

"ဟုတ်တယ်… ဟုတ်တယ်… ဟိုတစ်ခေါက်က သူ့ကြောင့် ရန်ဖြစ်ခဲ့တာလေ"

ဦးသူရိန် ခေါင်းတဆတ်ဆတ် ညိတ်ရင်း နှုတ်ခမ်း မဲ့လိုက်သည် ။ ဟိုတစ်ခေါက်က တွေ့တုန်းက မြင်လိုက်ပါသည် ။ ထိုစဉ်က ဆံပင်က အဖြူရောင် ဆိုးထားပြီး ဆံပင်တစ်မျှင်စ နှစ်မျှင်စ နီကြောင်ကြောင်

လုပ်ထားသေးသည် ။ ဝတ်ထားသည့် အဝတ်တွေကလည်း ပိတ်စပဲ မလောက်တာလား။ ဖြပဲ ဖြထားတာလား မပြောတတ်ပါ။ လက်ကပြဲသည့် ဟာကပြဲ၊ လည်ပင်းပေါ်သည့်ဟာက ပေါ်နှင့် မြင်ရသည် က မျက်လုံးထဲ ကန့်လန့်။ အဲဒီလို ကောင်မလေးက ဆံပင်ရှည်ထား ဆိုတာနှင့် ကိုယ့်သားတော်မောင်က ဆံပင်ရှည် ထားပါသည် တဲ့ ။

"ဇမ္ဗူဒိပ်"

ခေါ်လျှင်လည်း ဘယ်တော့မှ မထူး။ ထူးလျှင်လည်း ဆွဲထိုးချင်စရာပါ။ အခုလည်း ဖအေတစ်ယောက်လုံးကို ပမာမခန့်။

"မင်း အဲဒီဆံပင်တွေ သွားညှပ်ပစ်... ပြီးတော့ အဲဒီ ကောင်မလေးတွေနဲ့ ထပ်မရောနဲ့ ... ကြားလား"

"ဘာလို့ လဲ ဒယ်..."

"ငါမကြိုက်ဘူး... ဘယ်လိုဟာတွေမှန်း မသိဘူး... မြင်ရတာတွေကြားရတာတွေကိုက ကျက်သရေမရှိ၊ မင်္ဂလာမရှိနဲ့ "

"ဟာဗျာ... ဒယ်ကလည်း ... အခုခေတ်က လူငယ်တွေက အကုန်ဒီလိုပဲ ဟာကို" "တိတ်စမ်း... မင်းကိုပြောနေတဲ့ ငါက မင်းအဖေ... မင်းခေါင်းတစ်ချက်ငုံ့၊ ချွဲပစ်တိုင်း ပျော့ခွေသွားတဲ့ မင်းအဘွား၊မင့်အဒေါ်တွေ မဟုတ်ဘူး ..."

"သိတယ်လေ... သိတယ်... ဦးသူရိန်ဆိုတဲ့ ဇမ္ဗူဒိပ်ရဲ့ မွေးသဖခင် ကျေးဇူးရှင်ကြီးမို့လို့ ဇဇကလည်း ပြောနေတာ... ဒေါ်ဒေါ်ကြီးတို့ ဘွားတို့ဆို ဒီလိုလေ အကုန်မခံဘူး... မျက်နှာသာ ပျက်ပေးလိုက်... အားလုံးက အလိုလိုက်ပြီးသား"

"အေး... အဲဒီလို လူတွေကိုသာ မင်းဆိုးလို့ ရမယ်... ငါ့တော့ မရဘူးမှ

တ်... ပြီးတော့... မင်းဆံပင်တွေ ညှပ်လိုက်... ငါဒါပဲ ပြောမယ်နော် ဇမ္ဗူဒိ ပ်"

အပေါ်နှုတ်ခမ်းထောင့်ကို လန်အောင်လုပ်ပြီး ခြေဆောင့်ကာ ထွက်သွားသည် က ပေါ်တီကိုဆီကိုပါ။ ရပ်ထားသည့် ပြိုင်ကား ငွေရောင်လေးပေါ် တက်ပြီး ဝေါခနဲ အရှိန်ပြင်းစွာနဲ့ ထွက်သွားသော သားတော်မောင်ကို ကြည့်ပြီး ဦးသူရိန် သက်ပြင်းချ ခေါင်းခါမိသည် ။ သားသမီး မကောင်း မိဘခေါင်းဆိုတာ အမှန်ပါလား... ငယ်စဉ်ကတည်းက မိတဆိုးလေးပါလား ဆိုသည့် အသိကြောင့် သားကို အလိုလိုက် အကြိုက်ဆောင်ခဲ့သည် က ဦးသူရိန်ကအစ။ အခုတော့ တဖြည်းဖြည်းနဲ့ သားကို ဆုံးမမရ၊ ပဲ့ပြင်မရနဲ့ ဆိုးသွမ်း လာလေပြီ... သားရေ... မင်းဘယ်တော့မှ လိမ္မာလာမှာ လဲကွာ...

***

# ကျွန်တော်ပိုင်တဲ့ ပန်းတစ်ခိုင်-2

မီးရောင်စုံတွေကြား မြူးကြွကြွ တီးလုံးတွေက လူးလာခေါက်ပြန်နေသလို ခေတ်သား ခေတ်သမီးတွေကလည်း ကခုန်နေသည် က စိတ်လွတ်လက်လွတ်။
မီးရောင်စုံအောက် ကခုန်နေသော မိန်းကလေးတွေကို အနားမှာ ရံနေသည့် ကောင်လေးတွေက အများ အပြား။ တချို့ကလည်း ကခုန်နေသည့် နေရာနှင့် ခပ်လှမ်းလှမ်းက အရက်ဘားတွင် သောက်နေရင်း မျက်စေ့အစာ ကျွေးနေကြသည် ။

"ဟေး... သည်းလေ"

ကော့တေးခွက် ကိုင်ရင်း ဇမ္ဗူဒိပ်အနားက ဖြတ်သွားသော ခပ်မိုက်မိုက် ကောင်မလေးကို လှမ်းစလိုက်သည် ။ ထိုမိန်းကလေးက ဇမ္ဗူဒိပ်ကို ကြာပါသော အကြည့်ဖြင့် လှည့်ကြည့်ပြီး လှည့်ထွက်သွားသည် ။

"ဇဇ... ဘယ်သူလဲ"

"မသိပါဘူးဟာ... အထာတွေ ပေးနေလိုက်တာများ ... ငါက ကောက်ကောက်ပါအောင် လိုက်မယ့် အတိုင်းပဲ"

အကြင်နာက ထိုမိန်းကလေးကို လိုက်ကြည့်ပြီး ဇမ္ဗူဒိပ်ကို မေးတော့ ဇမ္ဗူဒိပ် ပြန်ဖြေမိသည် က ခပ်မဲ့မဲ့။ ဒီကလပ်က အမြဲတမ်း အရောင်အသွေး စုံလင်၍ လူအဝင်အထွက် များ သည် ။ အကြင်နာက ဇမ္ဗူဒိပ်

ကို တွေ့ဖို့ ချိန်း၍ ဇမ္ဗူဒိပ် ဒီကလပ်ကို လာခဲ့ခြင်းပါ။

"ဇဇ..."

"ပြော..."

"စဝ်ခေါင်ဘယ်တော့ ပြန်လာမှာ တဲ့ လဲ"

စဝ်ခေါင်ဆိုသည် က ဇမ္ဗူဒိပ်ရဲ့ သူငယ်ချင်း ဖြစ်သလို အကြင်နာ့ ချစ်သူပါ။

"ပြန်လာမှာ ပေါ့ဟ... နင်ကလည်း ... ဖြစ်နေပြန်ပြီ... ငါ့အရှေ့တော့ အလွမ်းလာ မသယ်နဲ့ နော်၊ ဖနောင့်နဲ့ ပေါက်ပစ်မှာ "

"အမလေးဟဲ့... ငါ့မှာ feelတာတောင် ကောင်းကောင်း မfeelရတဲ့ ဘဝလေး"

အကြင်နာက ငေါ့တူးတူး ဖြေလိုက်တော့ ဇမ္ဗူဒိပ် ရယ်လိုက်သည် ။

ပတ်ဝန်းကျင်က တစ်ခါတလေတော့ စိတ်ရှုပ်စရာ။ ယောကျာ်းလေး မိန်းကလေး သူငယ်ချင်းဖြစ်လို့ ပခုံးဖက် ခေါင်းကိုင်ရင် ရည်းစား ထင်ကြသည် ။ အိမ်က ဒယ်ဒီဖားသား ဖေဖေ ဖခမည်းတော်က အစပါ။ အကြင်နာက ဇမ္ဗူဒိပ် သူငယ်ချင်းပါ ရှင်းပြလည်း မရ။ မရတော့ ဒီအတိုင်းသာ လွှတ်ထား လိုက်သည် ပါ။ ဒီတော့လည်း ဇမ္ဗူဒိပ်က ဆိုးသည် တဲ့ ... ဘာကို ဘယ်လိုပြောရမှန်း မသိအောင် စိတ်လေသည် ။ ဘွားနဲ့ အဒေါ်နှစ်ယောက်လုံးက တရားစခန်း ဝင်သွားသည့် ကာလပတ်လုံး ဒယ်ဒယ့်ဝစီကနေ လွတ်အောင် ရှောင်ရှားရမည့် နည်းလမ်းတွေကို သာ ဇမ္ဗူဒိပ် တွေးတောနေသည် က ကလိမ်ကကျစ် လိမ်စဉ်တွေဖြင့်ပါ။

***

"ရပါပြီကွယ်... ဖေ့သမီးလေး ပင်ပန်းရောပေါ့၊ ရပြီ..." ညဘက် ဖေဖေ

မအိပ်မီ နင်းနယ်ပေးသည့် က ပန်းတစ်ခိုင်ရဲ့ အကျင့်ပါ။ အခုလည်း ဖေဖေက တရားစာအုပ် ဖတ်နေစဉ် ပန်းတစ်ခိုင်က ဖေဖေ့ပခုံးလေးတွေကို ခြေဆုပ်လက်နယ် ပြုပေးနေတာ အချိန်ကြာပြီမို့ ဖေဖေက တားသည်ပါ။ "ခိုင်မပင်ပန်းပါဘူး ဖေဖေရဲ့ ..."
"ဘယ်ဟုတ်မလဲ သမီးရယ်... ဖေ့သမီးက မနက်ဆိုလည်း အစောကြီးထ ၊ အိမ်အလုပ်ဆိုလည်း ကိုယ်တိုင်လုပ်၊ ပြီးရင် ဆိုင်သွားထိုင် ပြန်လာတော့လည်း မနား၊ ညအိပ်ချိန်အထိ ဖေ့ကိုလည်း ပြုစုနဲ့ မို့လို့ ပါ"

ဦးမြတ်ကျော် ပြောတော့ ပန်းတစ်ခိုင်ပြုံးရင်း ဦးမြတ်ခိုင် ခြေထောက်အနားတွင် ထိုင်လိုက်ကာ

"ဖေဖေ့လောက် မပင်ပန်းသေးပါဘူး ဖေဖေရယ်... ဖေဖေက ခိုင်တို့မောင်နှမတွေ ဒီအရွယ်ထိ ရောက်အောင် ရှာဖွေပေးခဲ့တာတွေက ခိုင်တို့အခု ပင်ပန်းတာတွေထပ် ပိုကြီးမားပါတယ်"

"သမီးက ဆိုင်လေးကို မဖြုတ်ချင်လို့ သာ ဖေဖေက ဒီအတိုင်း ထားထားရတာ... တကယ်ဆို ဖေ့သမီးလေး ပင်ပန်းနေတာကို မကြည့်ချင်ဘူးကွဲ့... ဒါကြောင့် ဖေဖေ့ မိတ်ဆွေတွေက..."

"ဖေဖေ... ခိုင် လက်မထပ်ချင်ဘူး ဖေဖေ... ဖေဖေ စိတ်ပူနေတာကို ခိုင်သိပါတယ်... ဒါပေမဲ့ ခိုင်ဆုံးဖြတ်ထားတာ ရှိတယ် ဖေဖေ... အကယ်၍ ခိုင်တစ်ယောက်တည်း ကျန်ခဲ့ရင်လည်း ခိုင်... စစ်ကိုင်းချောင်မှာ ပဲ သွားနေတော့မယ်"

"သမီး..."

"ဆုံးဖြတ်ထားရုံလေးပါ... တကယ် ဖြစ်မဖြစ် ဆိုတာက အသေအချာကြီး မပြောတတ်သေးပါဘူး ဖေဖေ... ဖေဖေနားတော့နော်" ပန်းတစ်ခိုင် ပြောပြီး ဦးမြတ်ကျော် ခြေဖမိုးအစုံကို ထိခြင်းငါးပါးဖြင့် က

န်တော့လိုက်သည် ။

"ဖေ့သမီးလေး စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေကွယ်"

"ပေးတဲ့ ဆုနဲ့ ပြည့်ပါရစေ ဖေဖေ"

ပန်းတစ်ခိုင် ဆုယူပြီး ဦးမြတ်ကျော် အခန်းထဲက ထွက်လာခဲ့သည် ။ ဦးမြတ်ကျော် သက်ပြင်းချမိသည် ။ သမီးလေး တစ်ယောက်တည်းမို့ စိတ်ပူပေမယ့် သမီးက စစ်ကိုင်းချောင်ကို သွားချင်သတဲ့ ... ဒီလို အချိန်တွေဆိုရင် အရင်က သူငယ်ချင်း သူရိန်ကိုသာ သတိရမိသည် ။ အရင်က ဦးမြတ်ကျော်တို့ ဘေးအိမ်တွင် နေသော သူရိန်တို့ လင်မယားနှင့် ဦးမြတ်ကျော်တို့ လင်မယားက ခင်မင်ကြသည် က သူငယ်ချင်းလိုပါ။ ကလေးချင်း လက်ထပ်ပေးကြမည်ဟု ကတိကဝတ်ပင် လုပ်ထားကြသည် ။ နောက်ပိုင်းကျတော့ သူရိန့်မိခင်နှင့် သူရိန့်အစ်မကြီးက သူရိန်တို့ လင်မယားကို သူတို့ နှင့်အတူ ခေါ်သွားချိန်မှ စ၍ အဆက်အသွယ်တွေ ပြတ်တောက်ခဲ့သည် ။ သူငယ်ချင်း သူရိန်ရေ... ငါတို့ ပြန်မှ တွေ့ကြပါဦး မလားကွာ...

"ဇမ္ဗူဒိပ်"

ဒယ်ဒီ့အသံ ကြားပေမယ့် ဇမ္ဗူဒိပ် မထူးပါ။ ကော်ဖီသောက်ရင်း ဒယ်ဒီ့ကို တစ်ချက် ကြည့်လိုက်သည် ။

"မင်းဒီနေ့ ငါနဲ့ အတူ ကုမ္ပဏီ လိုက်ခဲ့ရမယ်"

"အဟွတ်... ဟွတ်"

တမင်လုပ်တာ မဟုတ်ပဲ တကယ် ကော်ဖီသီး သွားသည် ပါ။ အခုတလော မျက်ခုံးတွေ လှုပ်နေတာ ဒါကြောင့်ကိုး ...

"ဟော့ကောင်.. .ငါပြောတာကြားလား"

"ကြားပါတယ် ဒယ်ကလည်း ... သားလေး တစ်ယောက်တည်း ရှိပါတယ်။ အော်လိုက် ငေါက်လိုက်တာကလည်း မယားပါသားလိုပဲ"

"မယားပါသား ဆိုရင်လည်း မင်းကို ဒီမှာ မထားဘူး... ကုပ်ကဆွဲပြီး လွှင့်ပစ်ပြီးသားပဲ"
"ယုံပါတယ်... ယုံပါတယ်"

ရွှဲ့ပြောတော့ ဦးသူရိန် မျက်ထောင့်နီကြီးဖြင့် ဇမ္ဗူဒိပ်ကို ကြည့်လိုက်သည် ။ မျက်နှာက ကိုယ့်မိန်းမနဲ့ တူ၍ ပိုပြီး အချစ်ပိုရပေမယ့် စိတ်ကတော့ တကယ့် ကလေကချေ။ ဆန်ရင်း နာနာဖွပ်ဆိုသော စကားကို လက်ကိုင်ထားရင်း သင်းကို ဆုံးမနေရသည် က ဆန်က ဆန်ကွဲ ဖြစ်ရုံမက ဆန်ပြုတ်ပါ ပြုတ်သောက်လို့ ရပြီ၊ သင်းက အချိုးတစ်စက်မှ ပြေမကျလာ။

"အား... ခေါင်း... ခေါင်းကိုက်လိုက်တာ... ကျွတ်... ကျွတ်"

နားထင်နားကို လက်ဖြင့်ဖိကာ မူရာမာယာ များ နေသည် က ကုမ္ပဏီ မသွားချင်၍ ပါ။
အရင်ကဆို ဘွားဖြစ်ဖြစ်၊ ဒေါ်ကြီးဒေါ်ငယ် တစ်ယောက်ကို ဖြစ်ဖြစ် ချွဲလိုက်တာနဲ့ သူတို့ ဘာသာ စီစဉ်ပေးပေမယ့် အခုကတော့ ကိုယ့်ဘာသာကိုယ် မီးစင်ကြည့်က ရသည် သာ။ မကလို့ လည်း မရ။ ထိုကုမ္ပဏီ ဆိုတာကြီးကိုသွား တစ်နေကုန် မီးခိုးထွက်အောင်ထိုင်၊ ခေါင်းခြောက်ခံပြီး စဉ်းစားနဲ့ လူက မကြာခင် အဘိုးအိုရုပ် ပေါက်သွားမှာ အသေအချာ။ ထို့ကြောင့်လည်း ဒယ်ဒီ့အရှေ့ ဟန်ဆောင်ရခြင်းသာ။

"ခေါင်းကိုက်မှာ ပေါ့... ဒီလောက် ဆံပင်အရှည် ထားတာကိုး... မဖြစ်ဘူး... ငါကိုယ်တိုင် ညှပ်ပေးမှ "

ဦးသူရိန်က ပြောလည်း ပြော ကတ်ကြေးကို သွားယူနေသည် မို့ ဇမ္ဗူ

ဒိပ်က အလျှင်အမြန် ကြည့်ရင်း ...

"အဟဲ... ဒယ်... အခု သက်သာ လာသလိုပဲ... အဟဲ"

"ဟွန်း... မင့် ကိုးဆယ့်ခြောက်ပါးသော ရောဂါဘယ ထူပြောနေတာ ဆံပင်တွေ ရှည်နေလို့ "

"မဆိုင်သလိုပဲနော်ဒယ်"

"အဲဒါဆိုလည်း ပြင်တော့ ကုမ္ပဏီသွားမယ်... ရှုပ်ယှက်ခက်ပြီး ခွေးဆွဲမယ့်ဟာတွေ ဝတ်မလာနဲ့ ကြားလား ဇမ္ဗူဒိပ်"

နှုတ်ခမ်း တွဲတွဲလေးက ထော်လန်သွားပြီး ပွစိပွစိလုပ်ကာ ထမင်းစားခန်းထဲက ထွက်သွားသော သားတော်မောင်ကို ကြည့်ပြီး ဦးသူရိန် ပြုံးလိုက်သည် ။

ဇမ္ဗူဒိပ်... ငါ့သား မင်း ငယ်ပါသေးတယ်ကွာ...

***